တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

ပဉ္စမနေ့အစီအစဉ်

၁၀-၆-၂၀၂၆ (ဗုဒ္ဓဟူးနေ့)

၁။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေးမတက်ရောက်နိုင်သော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှု အခြေအနေအား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များကဖြေကြားခြင်း-

(က) **ဦးထိန်ဝင်းအောင်၊ ကနီမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''မုံရွာမြို့၊ အေးသာယာရပ်ကွက် အမှတ်(၂၀)အခြေခံပညာမူလတန်းကျောင်းတွင် လစ်လပ်လျက်ရှိသော ဆရာ/ဆရာမ(၄)ဦးအား ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် ခန့်ထားပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ခ) **ဦးအောင်မင်းကျော်သူ၊ ဘုတလင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** **"**ဘုတလင်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းသည် ၂၀၂၁ ခုနှစ်၊ ဇွန်လမှစ၍ ရုံးဖွင့်လှစ်လည်ပတ်နိုင်ခြင်းမရှိသဖြင့် နိုင်ငံတော်မှရသင့်ရထိုက်သည့် လျှပ်စစ်မီးအခွန်အခများမရရှိခြင်းနှင့် နိုင်ငံတော်ပိုင်ပစ္စည်းများ ပျက်စီး/ပျောက်ဆုံးမှုများရှိနေခြင်း၊ ဘုတလင်မြို့ပေါ်ရှိ ရပ်ကွက်များတွင် လျှပ်စစ်မီး ပြန်လည်ရရှိရေးအတွက် မည်သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့် မေးခွန်း။

(ဂ) **ဦးအောင်မင်းကျော်သူ၊ ဘုတလင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** **"**တိုင်းဒေသကြီးအိုးအိမ်ဌာနအနေနှင့် မုံရွာမြို့နယ်တွင် အင်္ဂဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ထားရှိမှု၊ ဌာနရမ်းထားရှိမှု၊ အိုးအိမ်တိုက်ခန်းရရှိထားသော ဝန်ထမ်းအချို့မှ အခြားသူသို့ တစ်ဆင့်ဌာနရမ်းထားမှုများအတွက် မည်သို့စိစစ်ဆောင်ရွက်နေသည်ကို သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဃ) **ဦးခင်မောင်လွင်၊ တမူးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "တမူးမြို့နယ် အတွင်း ဖုန်းလိုင်း၊ အင်တာနက်လိုင်းများ ပြန်လည်ပြုပြင်ကောင်းမွန်စေရေး အတွက် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့် မေးခွန်း။

(င) **ဦးတင်မောင်မြင့်၊ ဖောင်းပြင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "ကလေးမြို့၊ မင်္ဂလာဥယျာဉ်ရပ်ကွက်နှင့် ညောင်ပင်သာရပ်ကွက်ကူးဥပုဘ်ချောင်းတံတား(63×18)အား သံကူကွန်ကရစ်တံတားအဖြစ် အသစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(စ) **ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "မုံရွာမြို့၊ ရွှေဇလုပ်ရပ်ကွက်အတွင်း အလျား(၁၁၃၀)ပေ၊ အနံ(၂၅)ပေရှိ ရတနာလမ်းအား အကျယ်(၁၈)ပေ၊ အမြင့်(၉)ပေထူ ကွန်ကရစ်လမ်းခင်းရန် လိုအပ်လျက်ရှိသော ဘိလပ်မြေအား တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ထောက်ပံ့ပေးနိုင်ခြင်း ရှိ/မရှိနှင့် ထောက်ပံ့ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေး မည်ကို သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဆ) **ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏**

(၁) "မုံရွာမြို့ လယ်တီရပ်ကွက် ပြည်ထောင်စုဈေးနှင့်ကပ်လျက် **လှေကူးအင်း** နယ်နိမိတ်အတွင်း အဆောက်အဦဆောက်ရန် မြေဖို့နေခြင်းသည် အင်းမြေ နယ်နိမိတ်နှင့်လွှတ်ကင်းမှုရှိ/မရှိ၊ ဥပဒေနှင့်အညီ တရားဝင်ဆောင်ရွက်ခွင့် ပြုထားခြင်းဟုတ်/မဟုတ် သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(၂) မုံရွာမြို့အဝင် မီးရထားသံလမ်းအရှေ့ဘက် ထန်းတောရပ်ကွက်အတွင်းရှိ **ညောင်ကိုင်းအင်း**ကို ပြန်လည်ပြုပြင် ထိန်းသိမ်းပြီး မြစ်ရေဝင်ရန် တပ်ဆင်ထားသော ရေထိန်းတံခါးများအား အသစ်လဲလှယ် တပ်ဆင်ခြင်းနှင့် အင်းလေလံလုပ်ငန်းများ ဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဇ) **ဦးမြင့်ကျော်၊ မင်းကင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "မင်းကင်းမြို့ အမှတ်(၂)ရပ်ကွက် တောင်တော်လမ်း၊ ဦးဖိုးကြောင်းနေအိမ်အရှေ့မှ ဦးသိန်းအောင်ကြီး နေအိမ်ရှေ့အထိ အရှည်(၃)ဖာလုံ၊ မင်းကင်း-သလဲဘာရွာလမ်းဆုံမှ အံ့စရာရွာအထိ လမ်းအရှည် တစ်မိုင်ခန့်အား ကွန်ကရစ်လမ်းအဖြစ်ခင်းပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

၉။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။